# ၁၉၆၃ ခုနှစ်၊ နိုင်ငံတော်ကောက်ပဲသီးနှံ ရောင်းဝယ်ရေးအဖွဲ့ အက်ဥပဒေကို ပြင်သည့်ဥပဒေ။

[၁၉၆၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥပဒေအမှတ် ၃။]

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥက္ကဋ္ဌ သည်၊ အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၆၃ ခုနှစ်၊ နိုင်ငံတော် ကောက်ပဲသီးနှံ ရောင်းဝယ်ရေးအဖွဲ့ အက်ဥပဒေကိုပြင်သည့် ဥပဒေ ဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ပုဒ်မ ၈ မှအပ၊ ချက်ခြင်း အာဏာတည်ရမည်။ ပုဒ်မ ၈ သည်၊ ၁၉၅၀ ပြည့်နှစ်၊ နိုင်ငံတော် ကောက်ပဲသီးနှံ ရောင်းဝယ်ရေးအဖွဲ့ အက်ဥပဒေအာဏာတည်သည့် နေ့ရက်တွင် စတင်အာဏာတည်သည်ဟု မှတ်ယူရမည်။

၂။ ။နောက်တွင် အဆိုပါအက်ဥပဒေဟု ရည်ညွှန်းသည့် ၁၉၅၀ ပြည့်နှစ်၊ နိုင်ငံတော်ကောက်ပဲသီးနှံ ရောင်းဝယ်ရေးအဖွဲ့ အက်ဥပဒေတွင်—

(က) "နိုင်ငံတော် ကောက်ပဲသီးနှံ ရောင်းဝယ်ရေးအဖွဲ့" ဆိုသည့် စကားရပ် အသီးသီးအစား၊ "ပြည်ထောင်စု မြန်မာနိုင်ငံ ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့" ဆိုသည့် စကားရပ်ကို၎င်း၊

(ခ) "နိုင်ငံတော်သမတ" ဆိုသည့် စကားရပ် အသီးသီးအစား၊ "အစိုးရ" ဆိုသည့်စကားရပ်ကို၎င်း

ထည့်သွင်းရမည်။

၃။ ။အဆိုပါအက်ဥပဒေပုဒ်မ ၄ အစား၊ အောက်ပါကို ပုဒ်မ ၄ အဖြစ် ထည့်သွင်းရမည်။

"၄။ ။အဖွဲ့တွင်အစိုးရက ခန့်ထားသောဥက္ကဋ္ဌ၊ ဒုတိယ ဥက္ကဋ္ဌများနှင့် အခြားပုဂ္ဂိုလ်များပါဝင်ရမည်။"

၄။ ။အဆိုပါအက်ဥပဒေ ပုဒ်မ ၁၂ တွင်၊ ပုဒ်မခွဲ (၂) ကိုပယ်ဖျက်ရမည်။

၅။ ။အဆိုပါအက်ဥပဒေပုဒ်မ ၁၃၊ ပုဒ်မခွဲ (၃) တွင် "ဆန်စက်များ" ဆိုသည့် စကားရပ်အစား၊ "စက်များ" ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

၆။ ။အဆိုပါအက်ဥပဒေပုဒ်မ ၁၆ တွင် "နိုင်ငံတော် သမတ သည်၊ အဆိုပါအစီရင်ခံစာ အသီးသီး၏ မိတ္တူကို ပါလီမန်သို့ တင်ပြရမည်။" ဆိုသည့်ဝါကျကိုပယ်ဖျက်ရမည်။

၇။ ။အဆိုပါအက်ဥပဒေပုဒ်မ ၂၆၊ ပုဒ်မခွဲ (၂)တွင် "ထိုအစီရင်ခံစာကို နိုင်ငံတော်သမတ က ပါလီမန်သို့တင်ပြရမည်။" ဆိုသည့် ဝါကျကို ပယ်ဖျက်ရမည်။

၈။ ။အဆိုပါအက်ဥပဒေပုဒ်မ ၃၂ နောက်တွင်၊ အောက်ပါကို၊ ပုဒ်မ ၃၂-က အဖြစ်ထည့်သွင်းရမည်။

> "၃၂-က။ ။ကာလစည်းကမ်းသတ် အက်ဥပဒေ (The Limitation Act) ပဥ္စမ ဇယားရှိ အပိုဒ် ၁၄၉ သည်၊ အဖွဲ့ကဖြစ်စေ၊ အဖွဲ့ကိုယ်စားဖြစ်စေ စွဲဆိုသည့် တရားမမှုများနှင့် သက်ဆိုင်စေရမည်။"